VERMONT DEPARTMENT OF HEALTH

# ရေလွှမ်းမိုးမှုကြောင့် သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းကို ညစ်ညမ်းစေနိုင်သည်

ဤစာမျက်နှာပါ သတင်းအချက်အလက်များသည် လူနေအိမ်သုံး ပုဂ္ဂလိကပိုင် သောက်သုံးရေစနစ်များ (ရေတွင်းနှင့် စမ်းရေတွင်းများ) အတွက် ဖြစ်သည်။ သင့်နေအိမ်သုံး သောက်ရေသည် ရေကန် သို့မဟုတ် မြေပြင်ပေါ်ရေရင်းမြစ်မှလာသည့် ရေပိုက်မှ ဖြစ်ပါက **ထိုရေကို မသုံးဘဲ** ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၏ ဒေသန္တရ အင်ဂျင်နီယာ ထံ (အင်္ဂလိပ်ဘာသာဖြင့်) ဆက်သွယ်၍ အကြံဉာဏ်ရယူပါ။

ရေမီတာဆောင်ရပါက သင်သည် အများသုံးရေလိုင်း သုံးနေခြင်းဖြစ်သည်။ ထပ်မံသိလိုသည်များ ရှိပါက ဗားမောင့်ပြည်နယ် သဘာဝရင်းမြစ် အေဂျင်စီ၏ ရေလွှမ်းမိုးမှုပြီး နလန်ထူရေး ဝက်ဘ်ဆိုက် သို့ (အင်္ဂလိပ်ဘာသာဖြင့်) ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းအထိ ရေလွှမ်းရေတက်ခဲ့ပါက သင့်ရေ ညစ်ညမ်းနေသည်ဟု သတ်မှတ်ပြီး ဘေးကင်းကြောင်း အတည်မပြုရသေးသရွေ့ ထိုရေကို မသုံးပါနှင့်။** ရေလွှမ်းပြီးနောက်တွင် ရေကို သောက်သုံးရန်၊ ချက်ပြုတ်ရန် သို့မဟုတ် သန့်ရှင်းရေးလုပ်ရန် ဘေးကင်းစွာ အသုံးပြုနိုင်မည် မဟုတ်ပါ။ ရေလွှမ်းချိန်နှင့် ရေလွှမ်းပြီးချိန်တွင် ပုဂ္ဂလိကပိုင် ရေတွင်းနှင့် စမ်းရေတွင်းများတွင် ဘက်တီးရီးယားများ၊ အဏုဇီဝပိုးမွှားများနှင့် မိလ္လာ၊ အပူပေးဆီ၊ စိုက်ပျိုးရေး သို့မဟုတ် စက်မှုလုပ်ငန်းမှ အညစ်အကြေးများ၊ ဓာတုပစ္စည်းများနှင့် ပြင်းထန်စွာ နာမကျန်းဖြစ်စေနိုင်သည့် အခြားပစ္စည်းများ ပါဝင်ပြီး ညစ်ညမ်းနေနိုင်သည်။

## သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းအနီး ရေလွှမ်းခြင်း

**သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းမှရေကို သင်စမ်းသပ်ပြီး ဘေးကင်းကြောင်း အတည်မပြုနိုင်သရွေ့ မသုံးပါနှင့်။ အထူးသဖြင့်-**

- ၎င်းအပေါ် ရေလွှမ်းခဲ့လျှင်၊ ရေလွှမ်းဆဲဖြစ်လျှင် သို့မဟုတ် ရေလွှမ်းသည့်နေရာ အနီးတွင် တည်ရှိလျှင်
- ၎င်းရေတွင်း၊ စမ်းရေတွင်းမှ ချိုမြိန်သည့်ရနံ့ထွက်လျှင်၊ လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်းအနံ့ထွက်လျှင်၊ လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်း ယိုဖိတ်ခဲ့သည်ဟု သံသယရှိသည့်နေရာ အနီးတွင်ရှိလျှင် အထူးသတိထားရမည်။

## သင့်သောက်သုံးရေစနစ်အပေါ် ရေလွှမ်းမိုးမှုကြောင့် ထိခိုက်မှုများကို စစ်ဆေးပါ

ရေလွှမ်းချိန်တွင် သင့်သောက်သုံးရေးစနစ် အနီးဝန်းကျင်ကို မမြင်ခဲ့ပါက ထိုနေရာတစ်ဝိုက်မှ ပစ္စည်းအစအန၊ ရွှံ့နှင့်ရေ သို့မဟုတ် ရေတွင်း သို့မဟုတ် စမ်းရေတွင်းပေါ်မှ ရွှံ့အကျင်းအကျန်များကို ကြည့်ပါ။ ၎င်းတို့သည် သင့်သောက်သုံးရေစနစ် ရေလွှမ်းခဲ့ကြောင်းပြသည့် လက္ခဏာများ ဖြစ်ကြသည်။

1. ဘေးကင်းသည်ဆိုမှ လျှပ်စစ်စနစ် အစိတ်အပိုင်းများကို စစ်ဆေးပါ-
    - ပေါက်နေသည့်/ပျက်စီးနေသည့် ဝါယာကြိုး သို့မဟုတ် လျှပ်စစ်စနစ် အစိတ်အပိုင်းများကို ရှာဖွေပါ။

- လျှပ်စစ်စနစ် အစိတ်အပိုင်း တစ်ခုခုသို့ ရေဝင်မဝင် စစ်ဆေးပါ။ လျှပ်စစ်ဝါယာကြိုးများကို မကိုင်ပါနှင့်။
- ရေတွင်း သို့မဟုတ် စမ်းရေတွင်း အကာ၏အပြင်ရှိ လျှပ်စစ်စနစ် ဝါယာချိတ်ဆက်မှုများ သို့မဟုတ် ထိန်းချုပ်စနစ်များ ရေတွင်ဆက်မြုပ်နေပါက ရေလွှမ်းရေ ပြန်မကျမီအထိ ပန့်ပ်ကို မဖွင့်ပါနှင့်။

2. သောက်သုံးရေစနစ်၏ ထိခိုက်ပျက်စီးနေသည့် တည်ဆောက်ပုံ အစိတ်အပိုင်းများကို စစ်ဆေးပါ။

- ရေတွင်းအကာကို စစ်ဆေးပါ - ရေတွင်းအကာ ကွေးနေပါက/အက်နေပါက ရေတွင်းအတွင်းသို့ ရေ၊ အနယ်အနှစ်နှင့် ပစ္စည်းအစအနများ ဝင်နိုင်ပြီး ညစ်ညမ်းနိုင်ခြေ ပိုမြင့်စေပါသည်။
- ရေတွင်းအဖုံးနှင့် အပိတ်ဆီးလ်တို့ကို ရေတွင်းအကာနှင့် သေချာမြဲမြဲ စစ်ဆေးပြင်ဆင်ပါ။ ရေတွင်းအဖုံး ချောင်နေပါက အနယ်အနှစ်နှင့် ပစ္စည်းအပိုင်းအစများ ရေတွင်းအတွင်းသို့ ဝင်နိုင်ပါသည်။
- စမ်းရေတွင်းအကာ၏ ကျောက်ပြားများနှင့် တည်ဆောက်ပုံ အစိတ်အပိုင်းများ ရေလုံမလုံနှင့် နေရာရွေ့မရွေ့ စစ်ဆေးပါ။

## သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းအပေါ် ရေလွှမ်းမှုကြောင့် ထိခိုက်ခဲ့လျှင်

1. သင့်ရေကို မစမ်းသပ်ရသေးသရွေ့ **အောက်ပါတို့အတွက် မသုံးပါနှင့်**-

- သောက်သုံးခြင်း
- ချက်ပြုတ်ခြင်း
- ပန်းကန်ဆေးခြင်း
- ဖျော်ရည် သို့မဟုတ် ရေခဲ ပြုလုပ်ခြင်း
- အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောခြင်း
- သွားတိုက်ခြင်း
- ကလေးနို့ဘူးဖျော်ခြင်း

2. ဘေးကင်းသည်ဟု သိထားပြီးသည့် ရင်းမြစ်တစ်ခုမှ ရေရယူပါ။

- မြို့စာကြည့်တိုက်၊ မြို့တော်ခန်းမ၊ မီးသတ်ဌာန၊ ကျောင်း၊ ဘုရားကျောင်း သို့မဟုတ် မြို့တော်ရုံးတို့ ကဲ့သို့သော ဘေးကင်းသည်ဟု သိထားသည့် ရေရင်းမြစ်တစ်ခုမှရေကို အစားအစာ ထည့်သွင်းနိုင်သည့် ပုံး/ဘူးများတွင် ထည့်သွင်းထားပါ။
- ရေသန့်ဘူးဝယ်ပါ။

- ရေသန့်ကားမှ ရေဝယ်ပြီး ရေတိုင်ကီတစ်ခုနှင့် ထည့်ထားပါ။ ရေသန့်ကားစာရင်းကို ရှာကြည့်ပါ သို့မဟုတ် အင်တာနက်ပေါ်တွင် "bulk water haulers Vermont" ဟု ရှာဖွေပါ။
- ဘေးကင်းသည်ဟု သိထားသည့် ရင်းမြစ်မှ ရေမရနိုင်ပါက ရေတွင်ပါဝင်သည့် ဘက်တီးရီးယားနှင့် အခြားအဏုဇီဝပိုးမွှားများ သေစေရန် **သင်သုံးမည့်ရေကို တစ်မိနစ်အဆူ ကြိုချက်ပါ**။ ရေကိုကြိုချက်ခြင်းကြောင့် အထူးသဖြင့် ကလေးငယ်များအပေါ် ထိခိုက်စေနိုင်သည့် နိုက်ထရိတ်များ ကဲ့သို့သော ရေလွှမ်းမှုတွင် ပါဝင်လေ့ရှိသည့် အညစ်အကြေးများကို စုစည်းသွားစေသည်ကို သတိပြုပါ။ **ကလေးနို့ဘူးဖျော်လျှင် ကြိုချက်ထားသည့်ရေကို မသုံးပါနှင့်။** အောက်ပါအခြေအနေများတွင် ရေမကြိုချက်ပါနှင့်-
    - သင့်ရေအတွင်း ဓာတုပစ္စည်းအနံ့ရလျှင် သို့မဟုတ် ဓာတုပစ္စည်းများ မြင်တွေ့ရလျှင်
    - လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်း ယိုစိမ့်မှုရှိသည်ဟု သင်ထင်လျှင်
    - ရေညစ်နေလျှင် သို့မဟုတ် အနယ်အနှစ်များနှင့် ပြည့်နေလျှင်။
- ရေသန့်ကားမှလာပို့သည့်ရေဖြင့် ညစ်ညမ်းနေသည့် သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းကို **မဖြည့်ပါနှင့်။** ရေကို အစားအစာ ဘေးကင်းစွာ ထည့်သွင်းနိုင်သည့် ပုံး/ဘူးအတွင်း ထည့်သွင်းထားပါ။

3. သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းအနီးတွင် အပူပေးဆီ သို့မဟုတ် ဓာတုပစ္စည်းများ ယိုစိမ့်ခဲ့သည်ကို သိပါက ဗားမောင့်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဌာန (DEC) ယိုစိမ့်မှု စီမံခန့်ခွဲရေးအဖွဲ့ သို့ အလုပ်ချိန် (နံနက် 7:45 - ညနေ 4:30) အတွင်း 802-828-1138 ကိုဖြစ်စေ၊ အလုပ်ချိန်ပြင်ပတွင် 800-641-5005 ကိုဖြစ်စေ ဖုန်းခေါ်ဆိုပြီး ယိုစိမ့်မှုအကြောင်း အသိပေးပါ။ လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်း ယိုစိမ့်မှုကြောင့် သင့်ရေတွင်းအတွက် ထိခိုက်ခဲ့သည်ဟု သံသယရှိလျှင် သို့မဟုတ် သင့်ရေ ချိုမြိန်သည့်အနံ့ထွက်လျှင် သို့မဟုတ် လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်းအနံ့ထွက်လျှင်ဖြစ်စေ **ထိုရေကို မသောက်သုံးပါနှင့်။**
4. လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်း ယိုစိမ့်ခြင်း မရှိစေကာမူ သင့်ရေကို စမ်းသပ်ပေးပါ။ ဘက်တီးရီးယားနှင့် နိုက်ထရိတ်များသည် ရေလွှမ်းပြီးနောက်တွင် အတွေ့ရအများဆုံး သောက်ရေညစ်ညမ်းပစ္စည်းများ ဖြစ်ကြသည်။
5. ရေနမူနာမယူမီ-
    - ရေတွင်းအကာဝန်းကျင် သို့မဟုတ် စမ်းရေတွင်းအကာ အတွင်းမှ မြင်သာသည့် ရွှံ့၊ အနယ်အနှစ်နှင့် အခြားပစ္စည်းအစအနများကို ဖယ်ရှားပါ။
    - ရေရွှံ့ရောင်ပေါက်နေပါက သို့မဟုတ် ညစ်နေပါက အပြင်မှရေပိုက်တွင် ပိုက်ရှည်တပ်ပြီး ရေကြည်သွားသည်အထိ၊ အနယ်အနှစ်များ ရှင်းသွားသည်အထိ ရေဖွင့်ထားပါ။ ရေတွင်း သို့မဟုတ် စမ်းရေတွင်း အကျယ်၊ အနက်နှင့် ညစ်ညမ်းမှု အတိုင်းအတာအပေါ် မူတည်ပြီး မိနစ် 30 မှ နာရီများစွာ သို့မဟုတ် ရက်များစွာ ကြာနိုင်သည်။

6. သင့်ရေရင်းမြစ် ဘက်တီးရီးယားကြောင့် ညစ်ညမ်းနေပါက ရေလွှမ်းမိုးမှု ပြီးသွားလျှင် သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းကို ပိုးသတ်ပါ။ သင့်ရေတွင်း သို့မဟုတ် စမ်းရေတွင်းကို ပိုးသတ်ရန် အကူအညီလိုပါက နယ်ခံရေတွင်းတူးသမား သို့မဟုတ် ရေအရည်အသွေး ကျွမ်းကျင်သူ ထံ ဆက်သွယ်ပါ။

7. သောက်သုံးခြင်း၊ ချက်ပြုတ်ခြင်းနှင့် အစားအစာ ပြင်ဆင်ချက်ပြုတ်ခြင်း၊ ဖျော်ရည်ဖျော်ခြင်း သို့မဟုတ် ရေခဲခဲခြင်း၊ သွားတိုက်ခြင်း၊ ပန်းကန်ဆေးခြင်း၊ ကလေးနို့ဘူးဖျော်ခြင်း သို့မဟုတ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောခြင်းတို့အတွက် **စစ်ဆေးမှု ရလဒ်များအရ ဘက်တီးရီးယား သို့မဟုတ် အခြားအန္တရာယ်ပေးနိုင်သည့် အညစ်အကြေးများ ရှင်းလင်းခြင်းမရှိသရွေ့ ဤရေကို မသုံးပါနှင့်။**

8. ချို့ယွင်းနေသည့် သောက်သုံးရေစနစ်ကို အသစ်လဲရန် အကူအညီလိုပါက ပါမစ်နှင့် ပါမစ်ကင်းလွတ်ခွင့်များအကြောင်း သိနိုင်ရန် လိုင်စင်ရ ရေတွင်းတူးသမား သို့မဟုတ် သင့် နယ်ခံ အင်ဂျင်နီယာ ထံ ဆက်သွယ်ပါ။

**သင့်မိလ္လာကန်စနစ်ကြောင့်လည်း ပြဿနာများ ရှိနိုင်ပါသည်။ သင့်မိလ္လာကန်စနစ်အတွက် အကူအညီပေးနိုင်မည့် ရင်းမြစ်များကို ရှာဖွေပါ**

ဤစာမျက်နှာမှ လင့်ခ်များသည် သင့်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသည့် ရင်းမြစ်များသို့ ပို့ပေးမည်။ အခြားဘာသာဖြင့် အချက်အလက်များ ရယူလိုပါက anr.civilrights@vermont.gov သို့မဟုတ် 802-636-7827 ဖြင့် သဘာဝရင်းမြစ် အေဂျင်စီသို့ ဆက်သွယ်ပါ။